သန်းကုန်းကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သန်းကုန်းကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


မာတိကာ

| | |
|---|---|
| ၁။ စကားချီး | ၃ - ၄ |
| ၂။ သန်းကုန်းကျေးရွာသယံဇာတပြမြေပုံ | ၅ - ၅ |
| ၃။ တည်နေရာနှင့် ပထဝီအနေအထား | ၆ - ၆ |
| ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် | ၆ - ၆ |
| ၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ | ၆ - ၇ |
| (ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ | ၇ - ၇ |
| (ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၇ - ၇ |
| (ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၈ - ၈ |
| (င)ပညာရေး | ၈ - ၈ |
| (စ)ကျန်းမာရေး | ၈ - ၈ |
| (ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈ - ၈ |
| (ဇ)ကျား-မ ရေးရာ | ၉ - ၉ |
| ၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | |
| နောက်ဆက်တွဲများ | |
| နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား | ၁၀ - ၁၆ |
| နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ - ၃၁ |

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ သန်းကုန်း ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။


ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သန်းကုန်းကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ သန်းကုန်းကျေးရွာ သယံဇာတပြမြေပုံ



- သန်းကုန်းကျေးရွာ၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် သန်းကုန်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ သန်းကုန်းကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂ဝဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေလောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.၀၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

သန်းကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားတွင်တည်ရှိ ပါသည်။ သန်းကုန်းကျေးရွာသည် မြေပြင်သာအုပ်စုတွင်တည်ရှိပြီး မြောက်ဘက်တွင် စည်သာကျေးရွာ၊ အရှေဘက်တွင် ပင်းစုကျေးရွာ၊ တောင်ဘက်တွင် ကြို့ပင်သာကျေးရွာ၊ အနောက်ဘက်တွင် မြို့လုလင်ကျေးရွာ၊ ပုတီးကုန်းကျေးရွာနှင့် ကံသာကျေးရွာတို့ တည်ရှိပါသည်။ နေပြည်တော်-ကံပြားလမ်းမကြီး၏ အရှေ့ဘက် မြေသားလမ်းဖြင့်ဆက်သွယ်ထားပါသည်။

သန်းကုန်းကျေးရွာသည် အရှေ့ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်း တည်ရှိပါသည်။ တောင်ဘက်တွင် လယ်ယာများ တည်ရှိပါသည်။ မြောက်ဘက်တွင် ဆုတောင်းပြည့် အေးစေတီနှင့် အရှေ့မြောက်ဘက်မှစီးဆင်းလာသော စွန်ချောင်းသည် ရွာ၏အရှေ့မြောက်ဘက်မှ ရွာ၏ အနောက်တောက်ဘက်သို့ လှည့်ပတ်စီးဆင်းလာသည်။ ရွာ၏အနောက်မြောက်ဘက်တွင် ဘုန်းကြီးကျောင်းချိုင်းကျောင်းရှိပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သန်းကုန်းကျေးရွာတွင် နှစ်စဉ်မိုးရေချိန်( ၃၄ )လက်မ ခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ဇီးဖြူ၊ ကုက္ကို၊ ရှားပင်၊ ထနောင်းပင်၊ ထန်းပင်များ ပေါက်လေ့ရှိပါသည်။ ကုန်းကျေးရွာတွင် လယ်မြေကေမှာ (၈၉၈.၇၅)ကေရှိပြီး အဓိကအားဖြင့် စပါးစိုက်ပျိုးပြီး သီးထပ်အနေဖြင့်လည်း နှမ်း၊ ကုလားပဲများကို မိုးရေနှင့်ဆည်ရေအား အားထားပြီးစိုက်ပျိုးပါသည်။ ယာမြေကေမှာ(၇၅၈.၂၅)ကေခန့်ရှိပြီး မိုးရာသီတွင် ပဲမျိုးစုံ၊ ပြောင်းဖူးများနှင့် နှမ်းအား အဓိကစိုက်ပျိုးပါသည်။ မိုးနှေင်းပိုင်းတွင် ဝါ၊ ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးပါသည်။

## ၅။ ကျေးရွာရှိ ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

သန်းကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်း(၈)ဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာအတွင်းတွင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ (၁)ဘာသာရေးအဖွဲ့အစည်း၊ (၂)အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း၊ (၃)ပညာရေးကော်မတီအဖွဲ့၊ (၄)ကျန်းမာရေးအဖွဲ့အစည်း၊ (၅)လူငယ်ပရဟိတအဖွဲ့၊ (၆)မီးသတ်တပ်ဖွဲ့၊ (၇)အမျိုးသမီးအဖွဲ့နှင့် (၈)တောင်သူလယ်သမားအဖွဲ့စသည်ဖြင့် သက်ဆိုင်ရာကိစ္စရပ်များအတွက် ရည်ရွယ်၍ဖွဲ့စည်းထားသော်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းအားလုံးမှ ပူးပေါင်းဆောင်ရွက်ခြင်းများရှိပါသည်။ အရန်မီးသတ်အဖွဲ့သည် ဖွဲ့စည်းထားသော်လည်း စနစ်တကျသင်ယူလေ့ကျင့်ထားမှုမရှိသဖြင့် အဖွဲ့၏ စွမ်းဆောင်မှုအားနည်းနေပါသည်။ ကျန်အဖွဲ့အစည်းများမှာ ကော်မတီ၏လုပ်ငန်းများ အား ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာဆောင်ရွက်ကြပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

သန်းကုန်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် မိုးစပါးကိုနှစ်စဉ်စိုက်ပျိုး၍ သီးထပ်အနေနှင့်လည်း ဆည်ရေဖြင့်နွေစပါးများလည်း စိုက်ပျိုးပါသည်။ အခြားသီးနှံများမှာလည်း ဝါ၊ ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီးဟင်းရွက်များ၊ ပြောင်းဖူးနှင့်ပဲမျိုးစုံ စိုက်ပျိုးပါသည်။ စပါးတစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှ (၅၀)တင်း၊ နှမ်းတစ်ဧက (၁၀)တင်းခန့်၊ ခရမ်းချဉ်သီး တစ်ဧကအထွက်နှုန်းမှာ ကုန်ချိန်(၁၀၀)ခန့်ထွက်ရှိပါသည်။ မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးအတွက် ပါအသုံးဝင်သော နွားများအများဆုံး မွေးမြူကြပါသည်။ နှစ်စဉ်ကျရောက်သော ရောဂါများကိုလည်း ထိရောက်စွာကာကွယ်ကုသနိုင်မှုနှင့် ဝန်ဆောင်မှုမရှိခြင်း၊ စာကျက်မြေရှားပါးနေခြင်းများဖြစ်ပေါ်နေပါသည်။ CPကြက်များမွေးမြူရန် နည်းပညာနှင့် ပန့်ပိုးမှုအားနည်းသောကြောင့် ဒေသကြက်များကိုသာအားထား၍ မွေးမြူကြပါသည်။ ဝက်များကိုလည်းဒေသဝက်များသာမွေးမြူကြပါသည်။

သန်းကုန်းကျေးရွာအတွင်း စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ပန်းရံ လက်သမားများ၊ အစိုးရဝန်ထမ်းများ၊ လက်လီလက်ကားရောင်းဝယ်ရေးသမားများ၊ နေ့စားအလုပ်သမားများနှင့် အိမ်ဈေးဆိုင်ငယ်များရောင်းချခြင်းများလုပ်ကိုင်ကြပါသည်။ သန်းကုန်းကျေးရွာတွင် လုပ်ငန်းပိုင်းဆိုင်ရာတွင် အတက်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

သန်းကုန်းကျေးရွာသည် နေပြည်တော်-ကံပြားလမ်းမကြီးဘေးတွင်တည်ရှိသောကြောင့် သွားရေးလာရေးအဆင်ပြေမှုရှိသော်လည်း ရွာတွင်း ရွာလယ်လမ်းမကြီးနှင့် ချဉ်းကပ်လမ်းများမှာ မြေသားလမ်းများဖြစ်သည့်အတွက် မိုးတွင်းကာလတွင် ရွှံ့ဗွက်များထူး၍ ကျန်းမာရေးကိစ္စနှင့် သီးနှံများသယ်ယူပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမြှမှုများဖြစ်ပေါ်နေပါသည်။ ပွင့်လင်းရာသီမှသာ သွားလာရလွယ်ကူပါသည်။ ကျေးရွာမီးလင်းရေးနှင့် ပတ်သက်၍ ဆိုရာမီးကိုသာအသုံးပြုနေရပါသည်။ ဆိုလာမီးမသုံးစွဲနိုင်သော အိမ်ထောင်စုမှာ (၁၉)ဦးခန့် ရှိပါသည်။ (11)KV ဓါတ်အားလိုင်းမှာ ၂မိုင်အတွင်းသာ ဆောင်ရွက်သောကြောင့် သန်းကုန်းကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

သန်းကုန်းကျေးရွာတွင် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အိမ်ထောင်စု( ၁၁၇ )ဦးအတွက် ကျပ်သိန်း( ၅၂၀ )ချေးထားပါသည်။ လယ်ယာမြေပုံစံ(၇)မရှိသောသူများနှင့် တစ်ဧကအောက်တောင်သူများအား စိုက်ပျိုးရေးချေးငွေ မရရှိပါ။လယ်တစ်ဧက( ၁၅၀၀၀၀/ )ကျပ်နှုန်းနှင့် ယာတစ်ဧ( ၅၀၀၀၀/ )ကျပ်နှုန်းချေးပေးပါသည်။ သမဝါယမအသင်းမှလည်း ချေးငွေများ ထုတ်ယူထားပါသည်။

**(င) ပညာရေး**

သန်းကုန်းကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး ကျောင်းဆောင်အဆောက်အဦ ဆောက်လုပ်ရန်အတွက်လည်း မြေနေရာလုံလောက်စွာရှိပြီးဖြစ်ပါသည်။ ကျောင်းတွင်ကျောင်းဆရာ၊ ဆရာမအင်အား (၉)ဦးရှိပါသည်။ ကျောင်းဆရာမနှစ်ဦးမှာ တစ်ဦးမှာ အဝေးသင်တက္ကသိုလ် တက်ရောက်နေပြီး ကျန်တစ်ဦးမှာ ကလေးမီးဖွားခွင့်ယူထားသောကြောင့် ဆရာ/ဆရာမ(၇)ဦးသာ ရှိသောကြောင့် ပညာသင်ကြားရာတွင် အခက်အခဲရှိနေပါသည်။ ကျေးရွာအကူအညီဖြင့် ဆရာ/ဆရာမ (၂)ဦးငှားရမ်းထားသော်လည်း ကျောင်းသားနှင့် ဆရာအင်အားမမျှဖြစ်နေပါသည်။ ကျောင်းသား/သူ အင်အား (၄၈၂)ဦးရှိပြီး ကျောင်းဆောင် (၅)ဆောင်ရှိသောလည်း ကျောင်းဆောင် (၂)ဆောင်မှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ပေးထားသော်လည်း ကျောင်းဆောင်လုံလောက်မှုမရှိပါ။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာ (၄)လုံးသာရှိသောကြောင့် ကျောင်းသား/သူများအတွက် လုံလောက်မှုမရှိပါ။

**(စ)ကျန်းမာရေး**

သန်းကုန်းကျေးရွာတွင် ကင်ဆာရောဂါ၊ သွေးလွန်ထုတ်ကွေးရောဂါနှင့် သွေးတိုးရောဂါ များအနည်းငယ်ရှိပါသည်။ သန်းကုန်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း ကျန်းမာ

ရေးဝန်ထမ်း မရှိပါသဖြင့် ကျန်းမာရေးကိစ္စအရေးကြီးလျှင် မြို့သစ်မြို့သို့ သွားရောက်ကုသရပါသည်။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား တစ်လ (၂)ကြိမ်ခန့် လာရောက်ဆေးကုသ ပေးပါသည်။ ကျန်းမာရေးဌာနမှ နှစ်စဉ် ကာကွယ်ဆေးများလာရောက် တိုက်ကျွေးပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သန်းကုန်းကျေးရွာတွင်**ကျေးရွာမှယာမြေများသည် နှစ်စဉ်သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့် မြေဆီလွှာ ပျက်ယွင်းမှု များနှင့်ကြုံတွေ့နေရသည်။** ပဲကြီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုပ်၊ ဗူး၊ ဖရုံ၊ ဟင်းသီး ဟင်းရွက်များ၊ မိုးနှမ်း၊ မက်ပဲ၊ ကုလားပဲ၊ ပြောင်းဖူးနှင့်ပဲမျိုးစုံ **စိုက်ခင်းများ တွင်ပိုးသတ်ဆေးများ အသုံးပြုရ သောကြောင့်သဘာဝပါတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြု ရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်း လုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန် နည်းပညာများလိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။**

**(ဇ) ကျား-မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများ က ဦးဆောင် လေ့ရှိသည်။ အမျိုးသမီးများသည် ယခင်က အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သော်လည်း ယခုအခါတွင် ရပ်ရွာအကျိုးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများ ဆောင်ရွက်ပါသည်။ အမျိုးသားများ သည်လည်း လယ်ယာလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲများနှင့် ရပ်ရွာသာယာရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပူးပေါင်းဆောင်ရွက်ကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စများတွင် အမျိုးသမီးများ အခန်းကဏ္ဍနည်းပါးနေ ကြောင်းတွေ့ရှိရပါသည်။ ပညာရေးတွင် ကျား-မ တန်းတူအခွင့်အရေးရရှိပါသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**နောက်ဆက်တွဲ(၁) ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၁ |

| | | | |
|---|---|---|---|
| ၂ | ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန် | ၂ |
| ၃ | ပညာရေး | စာသင်ကျောင်းဆောင်တည်ဆောက်ပေးခြင်း | ၃ |
| ၄ | မီးလင်းရေး | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၄ |
| ၅ | စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်း များ ဆောင်ရွက်ပေးခြင်း | ၅ |
| ၆ | စိုက်ပျိုးရေး | လယ်ယာသုံးစက်ကိရိယာများအရစ်ကျစနစ်ဖြင့်ရောင်းချ ပေးရန် | ၆ |
| ၇ | လူငယ်ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု | ယဉ်ကျေးလိမ္မာသင်တန်းအတွက် သင်ထောက်ကူပစ္စည်း များနှင့် ပရိဘောဂပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း | ၇ |
| ၈ | စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | ဈေးငွေလုပ်ငန်းများရရှိအောင်ဆောင်ရွက်ခြင်း | ၈ |

## မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## မြို့သစ်မြို့နယ်၊မြေပြင်သာကျေးရွာအုပ်စု၊သန်းကုန်းကျေးရွာ၏
## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များ အလွယ် တကူမရခြင်း။ | -မြို့တွင်စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ/သင်တန်းများ တက်ရောက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတ နည်းပါး ခြင်း<br>-မျိုးကောင်းမျိုးသန့် မဟုတ်၍ ဈေးကောင်းမရရှိခြင်း။ | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေးအတွက်လိုအပ်သောသွင်းအားစုများရရှိရန်။ |
| ၂ | -အချိန်မှီ ထွန်ယက်စိုက်ပျိုးနိုင်မှုနှင့် ရိတ်သိမ်းနိုင်မှုမရှိခြင်း။ | -လုပ်ခလစာနည်းခြင်းကြောင့် အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေခြင်း။<br>-စက်ပစ္စည်း အသုံးပြုရန်ငွေကြေး မတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံးလုပ်ကိုင်နေခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ပစ္စည်း ဝယ်ယူ/ငှားရမ်းနိုင်ရေး ဆောင်ရွက်ခြင်း။ | -လယ်/ယာသုံး စက်ပစ္စည်းများ ဈေးနှုန်းချိုသာ စွာဖြင့် ဝယ်ယူ/ငှါးရမ်းခြင်း။ |
| ၃ | -မြေဆီလွှာများ အားနည်းလာခြင်း။ | -သဘာဝမြေသြဇာဖြစ်သော နွားချေးလုံလောက်စွာမထည့်နိုင်ခြင်း။<br>-အရည်အသွေးကောင်းသော မြေသြဇာများ မဝယ်နိုင်ခြင်း။ | -စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း<br>-တောင်သူလယ်သမားများမှ စိုက်ပျိုးရေးအား စိတ်အားထက်သန်ခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။ | -နည်းပညာ အခက်အခဲများဖြစ်နေခြင်း။ | -မြေသြဇာထိမ်းသိမ်းနည်းပညာများဆောင်ရွက်ရန်။ |
| | **အခြေခံအဆောက်အဦ** | | | | | |
| ၄ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာန | -လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ရွာလယ်လမ်းအားကျောက်ချောလမ်း |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | -မိုးတွင်းကာလ၌ သွားလာရခက်ခဲခြင်း။ | -သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။<br>-ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ သွားလာရအဆင်မပြေခြင်း။ | -ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | | နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ဆောင်ရွက်ရန်။ |
| | **ပညာရေး** | | | | | |
| ၅ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်မပြေဖြစ်နေခြင်း။<br>-ကျောင်းသားဦးရေများနေခြင်း။ | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း။<br>-ကျောင်းဆောင်ဆောက်လုပ်ရန်မြေနေရာရှိခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း။ |
| | -ပညာသင်ကြားရာတွင် ကြန့်ကြာမှုရှိနေခြင်း။ | -ကျောင်းသားနှင့် ဆရာမမျှတခြင်း။ | -ကျောင်းနေအရွယ် ကျောင်းသား/သူများနေခြင်း။ | -အစိုးရခန့် ဆရာ/ဆရာမနည်းနေခြင်း။ | -ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -လိုအပ်သော ကျောင်းဆရာမ/ဆရာများ တာဝန်ချထားပေးရန်။ |
| | **ကျန်းမာရေး** | | | | | |
| ၆ | -သွေးလွန်တုပ်ကွေးရောဂါဖြစ်ခြင်း။ | -ခြင်ကိုက်ခံရခြင်း၊ ပတ်ဝန်းကျင်မသန့်ရှင်းခြင်း၊ ရေဆိုးရေပုပ်များရှိနေခြင်း။ | -ကျန်းမာရေးကဏ္ဍဆောင်ရွက်ရန် စိတ်ပါဝင်စားမှုရှိခြင်း။ | -ကျန်းမာရေး ဗဟုသုတအသိနည်းခြင်း။<br>-ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှုအားနည်းခြင်း။ | -ရာသီအလိုက်ဖြစ်သော ရောဂါများအား ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း။<br>-တစ်အိမ်ထောင်ချင်းစီ ပတ်ဝန်းကျင်သန့်ရှင်း | -ကျေးရွာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအား ဖုံးသွန်လှဲစစ်လုပ်ငန်းများ အချိန်နှင့်တပြေးညီဆောင်ရွက်ရန်။<br>-ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ရေးများဆောင်ရွက်ခြင်း။ | |
| | **ကျန်းမာရေး** | | | | | |
| ၇ | -ဆေးခန်းနှင့် ဆေးခန်းသုံး ပစ္စည်းကိရိယာများ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရန်ကျေးရွာမှ စုပေါင်းငွေများဖြင့်မြေနေရာ ဝယ်ယူနိုင်ခြင်း။<br>-ရပ်ရွာမှ တက်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ခြင်း။ | -ငွေကြေးအခက်အခဲ ရှိခြင်း။<br>-ကျန်းမာရေးအသိ ပညာဗဟုသုတနည်း ခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာန သို့ တင်ပြတောင်းခံ ခြင်း။ | -ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပေးခြင်းနှင့် ဝန်ထမ်းများခန့်ထားပေးရန်။ |
| | **ကျား/မရေးရာ** | | | | | |
| ၈ | -ရပ်ရွာအရေး ဆောင်ရွက်ရာ တွင် အမျိုးသမီးထု၏ ခေါင်း ဆောင်မှု အားနည်းခြင်း။ | -အိမ်မှုကိစ္စများ ဆောင်ရွက်နေ ရခြင်း။<br>-အမျိုးသမီးများအား အလေး ထား လေးစားမှုမရှိခြင်း။ | -ပူးပေါင်းပါဝင်လိုစိတ် ရှိ ခြင်း။ | -တန်းတူအခွင့်အရေး မရခြင်း။ | -အမျိုးသားအဖွဲ့များမှ အမျိုးသမီးများအား နေရာပေး၍ လက်တွဲ ခေါ်ယူခြင်း။<br>-အမျိုးသမီးများ ကိုယ်တိုင် ရပ်ရွာ အစည်းအဝေးပွဲများ တက်ရောက်ခြင်း။ | -အမျိုးသမီးများ၏ စိတ်ဓါတ် နှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်း/ ဟောပြောပွဲ များ ပြုလုပ်ပေးခြင်း။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၉ | -လူငယ်များ အသိပညာ ဗဟု သုတနည်းခြင်း | စာပေလေ့လာရန်၊ ဗဟုသုတ ရှာရန် အားနည်းခြင်း | -စိတ်အားထက်သန်မှု ရှိခြင်း<br>-စာပေလေ့လာရန် စာအုပ် များရှိခြင်း | -အဆောက်အဦခိုင်ခံမှု မရှိခြင်း<br>-ပရိဘောဂပစ္စည်းများ မရှိခြင်း | -ရပ်မိရပ်ဖများမှ စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း<br>-စာအုပ်စာပေ ဖတ်ခိုင်း | -ကျေးရွာတွင် လူငယ်များ ဗဟုသုတ၊ အသိပညာများ တိုးရန် စာကြည့်တိုက်တည် ဆောက်ပေးခြင်း |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ခြင်း။ | |
| | **စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| | -သီးနှံများ ရောင်းချရန်မလွယ်ကူခြင်းနှင့် ဈေးကောင်းမရရှိခြင်း | -သီးနှံများ အလွယ်တကူ ရောင်းချမှုမပြုနိုင်ခြင်း။ | -သီးနှံများ အများအပြား ထွက်ရှိခြင်း။ | -သီးနှံရောင်းချရန် ဈေးကွက်မရှိခြင်း။ | -သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -ကုန်ပစ္စည်းများဈေးကောင်းပေးနိုင်သော ကုန်သည်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၀ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -မိရိုးဖလာလုပ်ငန်းသာလုပ်ကိုင်တက်၍ အခြားစီးပွားရေးမလုပ်ကိုင်တက်ခြင်း။ | -လူငယ်များသည် အသိပညာ၊ အတက်ပညာများ လေ့လာသင်ယူရန် စိတ်ပါဝင်စားခြင်း။ | -ပညာများလေ့လာစည်းပူးရန် အချိန်နှင့်ငွေကြေးမတက်နိုင်ခြင်း။ | -သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | -အသက်မွေးဝမ်းကြောင်းပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်။ |
| ၁၁ | -အားကစားကွင်းနှင့် အားကစားပစ္စည်းများ မရှိခြင်း။ | -အားကစားလုပ်ရန်မြေနေရာမရှိခြင်း။ | -လူငယ်များ အားကစားအား စိတ်ပါဝင်စားမှု ရှိခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ | -အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဆောင်ရွက်ပေးရန်။ |
| ၁၂ | -မျိုးဆက်သစ်လူငယ်များ ဘာသာရေး အားလေ့လာရန်။ | -သင်တန်းတွင် ပရိဘောဂပစ္စည်းများ မရှိခြင်း။ | -ယဉ်ကျေးလိမ္မာသင်တန်းအဆောက်အဦရှိခြင်း။ | -ငွေကြေးနှင့် ပရိဘောဂပစ္စည်းများ လက်လှမ်းမမီခြင်း။ | -ဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။ | -ယဉ်ကျေးလိမ္မာသင်တန်းအတွက် ပရိဘောကပစ္စည်းများဆောင်ရွက်ပေးရန်။ |
| | **မီးလင်းရေး** | | | | | |
| ၁၃ | -စက်မှုလုပ်ငန်းများမဆောင်ရွက်နိုင်ခြင်း။<br>-ပညာသင်ကြားရာတွင် | -ဝင်ငွေနည်းပါးနေခြင်း။<br>-အိမ်စာများအားအချိန်ပေးမလုပ်နိုင်ခြင်း။ | -ကျေးရွာတွင်းမီးတိုင်များစိုက်ထူရန် လုပ်သားအင်အား ရှိခြင်း။ | -သက်ဆိုင်ရာဌာနနှင့် ချတ်ဆက်မှုအားနည်းနေခြင်း။ | -လျှပ်စစ်ဦးစီးဌာနနှင့် အမြန်ဆုံးချိတ်ဆက်ဆောင်ရွက်ခြင်း။ | -ကျေးရွာမီးလင်းနိုင်ရေအတွက် NEP Transformer ရရှိအောင်ဆောင်ရွက်ခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | အဆင်မပြေခြင်း။ | | | | | |

**မြို့သစ်မြို့နယ် ၊ မြေပြင်သာကျေးရွာအုပ်စု ၊ သန်းကုန်းကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**


**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | | |
| ၁ | ကျန်းမာရေးဆေးပေးခန်းနှင့်ဝန်ထမ်းများ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉၀ | ၂ |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ခန့်ထားပေးရန်နှင့် ကျန်းမာရေးဆေးပေး ခန်းတည်ဆောက်ပေးရန် | | | | | | | | | | | |
| ၂ | လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့်ရောင်းချပေးရန် | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၄ | ၄ | ၄ | ၄ | ၄၆ | ၆ |
| ၃ | စာသင်ကျောင်းအဆောက်အဦ တည်ဆောက်ခြင်း | ၆ | ၆ | ၆ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၇၄ | ၃ |
| ၄ | ရွာလယ်လမ်းကျောက်ချောခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၅ | မီးလင်းရေးဆောင်ရွက်ပေးခြင်း | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၆ | ၆ | ၇ | ၆ | ၇၃ | ၄ |
| ၆ | အသက်မွေးဝမ်းကြောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ပေးခြင်း | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၅ | ၅ | ၅ | ၄ | ၆၁ | ၅ |
| ၇ | ယဉ်ကျေးလိမ္မာသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် ပရိဘောဂ ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း | ၄ | ၄ | ၄ | ၄ | ၅ | ၅ | ၂ | ၂ | ၃ | ၃ | ၃၆ | ၇ |
| ၈ | ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၁ | ၁ | ၂ | ၂ | ၂၄ | ၈ |

## မြို့သစ်မြို့နယ် ၊ မြေပြင်သာကျေးရွာအုပ်စု ၊ သန်းကုန်းကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာလယ်လမ်ကျောက်ချောလမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးလက်ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန်နှင့် ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | | ✓ | | |
| ၃ | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၃ | | ✓ | | | |
| ၄ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၄ | | | | | ✓ |
| ၅ | အသက်မွေးဝမ်းကျောင်းနည်းပညာများရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | ✓ | | | |
| ၆ | လယ်ယာသုံးစက်ကိရိယာများ၊စပါးချွေလှေ့စက်များအရစ်ကျ ရောင်းချပေးခြင်း | ၆ | ✓ | | | | |
| ၇ | ယဉ်ကျေးလိမ္မာသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် ပရိဘောဂ ပစ္စည်းများဆောင်ရွက်ပေးခြင်း | ၇ | | ✓ | | | |
| ၈ | ချေးငွေလုပ်ငန်းများရရှိအောင်ဆောင်ရွက်ခြင်း | ၈ | | | | ✓ | |


၇.၆.၂၀၁၇.
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
အလုပ်အကိုင်
အသုံးစရိတ်
ပွဲတော်

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၆ | ၁၉ | ၄၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၇ | ၆၇ | ၁၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃၆ | ၁၀၇ | ၂၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၀၈ | ၁၁၅ | ၂၂၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၀၇ | ၆၈၈ | ၁၃၉၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၄၇ | ၇၀ |
| **စုစုပေါင်း** | | **၁၀၅၇** | **၁၀၄၃** | **၂၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၀၇** | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ သန်းကုန်းကျေးရွာတွင် အိမ်ထောင်စု(၄၀၇)စုနှင့် ကျား(၁၀၅၇)ဦး၊ မ (၁၀၄၃)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၂၁၀၀) ရှိပါသည်။သန်းကုန်းကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာဖြစ်ပါသည်။ သန်းကုန်းကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အို မှီခိုသူမှာ ( ၃၃%)ခန့်ရှိပြီး (၆၇%) ခန့်သည် အလုပ်လုပ်နိုင်သောလူဦးရေ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မှု အင်အားကြီးမားပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၇၅၈.၂၅ | **သင့်** | **ရပါသည်** | **ချောင်း** |
| **ယာမြေ** | ၈၉၈.၇၅ | **သင့်** | **အနည်းအကျဉ်း** | |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံဝင်းစိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |
| **ပလပ်မြေ** | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၁၆၅၇ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။သန်းကုန်းကျေးရွာတွင် ဆည်ရေသောက်ဖြစ်၍ ရေရရှိမှုအဆင့်မှာ လယ်မြေဧက (၇၅၈.၂၅) ရှိသော်လည်း (၅၀၃)ဧကသာ ဆည်ရေရရှိပါသည်။ ကျန် (၂၅၅)ဧကခန့်မှာ မိုးရေကိုမှီခို၍ စိုက်ပျိုးရပါသည်။**

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | ခက် |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် -၃၄" | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။သန်းကုန်းကျေးရွာတွင် သဘာဝအနေဖြင့် သဲရရှိပါသည်။ အပင်မျိုးစိတ်များမှာ သဘာဝမှရရှိသော တိုင်းရင်းဆေးဝါးပင်များရရှိပါသည်။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ကျန်းမာရေးအဖွဲ့ | ၁☐ ၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သက်ကြီးလူကြီးများနှင့် ကလေးသူငယ်များအား စောင့်ရှောက်ပါသည်။ |
| ၂ | လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ | ၁☐ ၂ √ ၃ ☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ပရဟိတလုပ်ငန်းများဆောင်ရွက်ပါသည်။ |
| ၃ | အမျိုးသမီး အဖွဲ့ | ၁☐ ၂ √ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဝတ်အသင်း၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ပါသည်။ |
| ၄ | အရန်မီးသတ်တပ်ဖွဲ့ | ၁☐ ၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင်တန်းများထိရောက်စွာတက်ရောက်နိုင်ခြင်းမရှိ သည့်အတွက် စွမ်းဆောင်ရည်လျော့နည်းပါသည်။ |
| ၅ | ဘာသာရေးအဖွဲ့ | ၁☐ ၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဘာသာရေးရန်ပုံငွေတည် ထောင်ထားပါသည်။ |
| ၆ | ပညာရေးကော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် |

